**(၁) ဒေါင်းနီးမှုန့်ရွက်ခြောက်ရောဂါ (Downy mildew)**

ရောဂါဖြစ်စေသောသက်ရှိ- *Hyaloperonospora parasitica* (Pers.) Constant.

အောက်ရွက်၊ အရွက်ရင့်များ၏ အပေါ်မျက်နှာပြင်တွင် ညိုဝါရောင် (သို့) ခရမ်းရောင်၊ ပုံသဏ္ဍာန်အမှန်မရှိ သောအကွက်များတွေ့ရသည်။ အရွက်အောက်မျက်နှာပြင်တွင် မီးခိုးရောင်မှို ကွက်များတွေ့ရသည်။ ရောဂါပြင်းထန်ပါက တစ်ရွက်လုံးမဲပြီးခြောက် သွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို မီးရှို့ပါ။
- အခြားသီးနှံများနှင့်အလှည့်ကျစိုက်ပျိုးပါ။
- အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။
  Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)၊